Message Four

# ပေါင်းစည်းခြင်းနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ကောဝ၁း၂။ ၁၀း၁၇က။ ၁၂း၁၂-၁၃၊ ၂၄၊ ၂၇။ ယော၁၂း၂၄။ ဖိ၃း၁၀။ ဧ၄း၂၀-၂၁

## I. "ဘုရားသခင်သည် ကိုယ်ခန္ဓာကို အတူတကွ ပေါင်းစည်းထား၍" - ၁ကော၁၂း၂၄။

A. ပေါင်းစည်းခြင်းသည် မြင့်မားပြီး နက်ရှိုင်းရုံသာမက၊ အလွန် နက်နဲလှသည် - အငယ်၊၂၄။

B. *ပေါင်းစည်း* ဟူသောစကားလုံးမှာ "ကိုက်ညှိခံခြင်း"၊ "လိုက်ဖက်ညီခြင်း"၊ "သင့်တင့်မျှတစေခြင်း" နှင့် "ရောနှောပေါင်းစည်းခြင်း" ကို ဆိုလိုပြီး၊ ထူးခြားကွဲပြားခြင်းများကို ဆုံးရှုံးသွားခြင်းအား ရည်ညွှန်းသည်။

C. ပေါင်းစည်းခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် အခြားသူများနှင့် မိတ်သဟာယဖွဲ့ခြင်းရှိရန်အလို့ငှာ အမြဲပင် ရပ်တန့်သင့်ကြောင်း ဆိုလိုသည် - တ၊၂း၄၂။ ၁ကော၁း၉။ ၁ယော၁း၃၊ ၇။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ ညှိနှိုင်းလုပ်ဆောင်နေသည့် အခြားသန့်ရှင်းသူများနှင့်အတူ မိတ်သဟာယဖွဲ့ခြင်းမရှိဘဲ မည်သည့်အရာကိုမျှ မလုပ်သင့်ပါ၊ အကြောင်းမှာ မိတ်သဟာယဖွဲ့ခြင်းသည် ကျွန်ုပ်တို့ကို ကိုက်ညှိပေးသည်၊ ကျွန်ုပ်တို့ကို လိုက်ဖက်ညီစေသည်၊ ကျွန်ုပ်တို့ကို သင့်တင့်မျှတစေသည်၊ ကျွန်ုပ်တို့ကို ရောနှောပေါင်းစည်းစေသည် - အငယ်၊၇။

E. ပေါင်းစည်းခြင်းရှိရန်ဟူသည်မှာ ကျွန်ုပ်တို့သည် အခြားသူများအားဖြင့် ထိတွေ့ခံရပြီး၊ ကျွန်ုပ်တို့က ကားတိုင်ကိုဖြတ်ကျော်ခြင်းဖြင့် အခြားသူများကို ထိတွေ့ခြင်းရှိကာ၊ အရာများကို ဝိညာဉ်တော်အားဖြင့် လုပ်ဆောင်ခြင်း၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော်အကျိုးအလို့ငှာ ခရစ်တော်ကို ဝေငှဖြန့်ဖြူးရန် အရာခပ်သိမ်းကို လုပ်ဆောင်ခြင်းကို ဆိုလိုသည် - မ၊ ၁၀း၃၈။ ၁၆း၂၄။ ဂလ၊၃း၂၊ ၅။ ဧ၄း၁၂။

F. ပေါင်းစည်းခြင်းသည် လူမှုရေးရာမဟုတ်ဘဲ၊ အင်္ဂါဝင်တစ်ဦးချင်းစီ၊ ဒေသအလိုက်အသင်းတော်များ၊ လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများက တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပါဝင်ဆက်ဆံခြင်းရှိသည့် ခရစ်တော်၏ ပေါင်းစည်းခြင်းဖြစ်သည် - ညွှန်း၊ ရော၁၆း၁-၁၆။

G. စကြဝဠာဆိုင်ရာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနှိုင်းရာမဲ့တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်အလို့ငှာ ကျွန်ုပ်တို့သည် အတူတကွ ပေါင်းစည်းခြင်း ရှိရန် လိုအပ်သည် - ၁ကော၁၂း၂၄။

H. ပေါင်းစည်းခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် လိုအပ်သည် - ရော၁၆း၁-၁၆။ ၁ကော၊ ၁၂း၂၀-၂၁၊ ၂၄။ ကော၄း၁၆။

## II. ယောဟန် ၁၂း၂၄ နှင့် ၁ကောရိန္သု ၁၀း၁၇က တွင် ပေါင်းစည်းခြင်း၏ မရှိမဖြစ်လိုအပ်ခြင်းနှင့် အရေးကြီးခြင်းကို ပုံဆောင်ခြင်းနှင့် ဖွင့်ပြခြင်း ရှိသည်။

A. ယောဟန် ၁၂း၂၄ တွင် ဂျုံစပါးမျိုးစေ့သည် မြေထဲသို့ ကျ၍ သေပြီးလျှင် များစွာသော ဂျုံစပါးများကို ထုတ်လုပ်ကြောင်း ပြောထားသည်။

1. *ဂျုံစပါးမျိုးစေ့* မှာ ဘုရားဆိုင်ရာမျိုးစေ့အဖြစ် ခရစ်တော်သည် များစွာသောဂျုံစပါးများ (ကိုယ်တော်ကို လက်ခံသောသူများ) ကို ထုတ်လုပ်ပြီး ကိုယ်တော်၏ အသက်ဆိုင်ရာ ကိုယ်ခန္ဓာတော်ကို စေ့စပ်ထုံးဖွဲ့မည့် အင်္ဂါဝင်များဖြစ်လာစေကြောင်း ရည်ညွှန်းသည် - ဧ၁း၂၂-၂၃။ ၅း၃၀။

2. ဂျုံစပါးမျိုးစေ့အဖြစ် ခရစ်တော်သည် အသေခံ၍၊ ရှင်ပြန်ထမြောက်ခြင်း၌ များစွာသော ဂျုံစပါးများကို ထုတ်လုပ်ခဲ့သည် - ယော၁၂း၂၄။

   a. ဂျုံမျိုးစေ့များသည် အမှုန့်ကြိတ်ခြင်းခံ၍ မုန့်တစ်လုံးကို ပြုလုပ်ရန် မုန့်ညက်အဖြစ်သို့ ပေါင်းစည်းသွားရမည်ဖြစ်သည်၊ ထိုမုန့်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ပုံဆောင်သည် - ၁ကော၁၀း၁၇က။

b. ကျွန်ုပ်တို့သည် မျိုးစေ့အကောင်းပကတိအတိုင်း မကျန်ရှိသင့်ပါ။ ကျွန်ုပ်တို့သည် ကျိုးပဲ့၍ မုန့်ညက်အဖြစ်သို့ ကြိတ်ခြင်း ခံရမည်၊ သို့မှသာ မုန့်တစ်လုံးကို ပြုလုပ်ရန် အခြားသူများနှင့်အတူ ပေါင်းစည်းနိုင်မည်ဖြစ်သည်။ ဤမုန့်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည် - ၁၂း၁၂-၁၃၊ ၂၇။ ဧ၂း၁၆။ ၁း၂၂-၂၃။

B. ပေါလုက အသင်းတော်သည် မုန့်တစ်လုံးတည်း၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းအထဲသို့ ပေါင်းစည်းသွားခြင်းဟူသော (၁ကော၊၁၀း၁၇က) စဉ်းစားချက်မှာ ဝတ်ပြုရာ ၂း၁-၁၆ ရှိ ဘောဇဉ်ပူဇော်သက္ကာ၏ပုံဆောင်ချက်မှ ရယူခြင်းဖြစ်သည်။

1. ဘောဇဉ်ပူဇော်သက္ကာ၏ မုန့်ညက် အစိတ်အပိုင်းတိုင်းသည် ဆီဖြင့် ရောနှောပေါင်းစည်းထားသည်။ ဤသည်မှာ ပေါင်းစည်းခြင်းဖြစ်သည် - အငယ်၊၄-၅။
2. ခရစ်တော်၏အသက်နှင့် ကျွန်ုပ်တို့တစ်ဦးချင်း ခရစ်ယာန်အသက်တာသည် စုစုပေါင်းဖြစ်ခြင်း - ကျိုးပဲ့ခြင်း၊ ကြိတ်နယ်ခြင်းနှင့် ပေါင်းစည်းခြင်းခံရသော ယုံကြည်သူများဖြင့် ပေါင်းစည်းထားသည့် စုပေါင်းထားသော ဘောဇဉ်ပူဇော်သက္ကာအဖြစ် အသင်းတော် အသက်တာကို ထွက်ပေါ်လာစေသည် - အငယ်၊၁-၂၊ ၄။ ၁ကော၊၁၂း၁၂။

## III. ပေါင်းစည်းခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်လာပေးရန် ဖြစ်သည် - ရော၊၁၂း၅။ ၁ကော၊၁၂း၁၂-၁၃။ ဧ၂း၁၆။ ၄း၁၂။ ကော၊၂း၁၉။

A. ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ခံရရန် ဖြစ်စဉ်နည်းလမ်းအဖြစ် ဒေသန္တရအသင်းတော်များ၌ ရှိရန် လိုအပ်သည် - ၁ကော၊၁း၂။ ၁၂း၂၇။

B. ဘုရားသခင်၏စီမံကိန်းကို စစ်မှန်စွာ၊ လက်တွေ့ကျစွာနှင့် အမှန်တကယ် သယ်ဆောင်နိုင်သော သခင်ဘုရားပြန်လည်ရယူခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သည် ဘုရားသခင်က ရုပ်ပိုင်းဆိုင်ရာနည်းလမ်း၌ ဒေသန္တရအသင်းတော်များစွာကို ထုတ်လုပ်ခြင်းအတွက်မဟုတ်ဘဲ၊ ကိုယ်တော်၏အသက်ဆိုင်ရာထုံးဖွဲ့မှုဖြစ်ရန် ရှင်သန်သောကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ရန်အတွက် ဖြစ်သည် - ဧ၊၁း၁၀၊ ၂၂-၂၃။

C. ဒေသန္တရအသင်းတော်များသည် ဘုရားသခင့်ထာဝရစီမံကိန်း၏ ပန်းတိုင်မဟုတ်ပါ။ ၎င်းတို့သည် ကိုယ်တော်၏စီမံကိန်း ပန်းတိုင် - ခရစ်တော်ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းကို ရောက်ရှိရန် ခေါ်ဆောင်သည့် ဖြစ်စဉ်နည်းလမ်းဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၄း၁၂၊ ၁၆။

1. အသင်းတော်များသည် ကျွန်ုပ်တို့ကို ခရစ်တော်ကိုယ်ခန္ဓာတော်အထဲသို့ ခေါ်ဆောင်ရန် ဖြစ်စဉ်နည်းလမ်းဖြစ်သည် - ၁ကော၊၁း၂။ ၁၂း၁၂-၁၃၊ ၂၇။
2. အသင်းတော်များသည် ကိုယ်ခန္ဓာတော်ဖြစ်သည်၊ သို့သော် သူတို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း မရှိဘဲဖြစ်ကောင်း ဖြစ်နိုင်သည်။

D. သခင်ဘုရားသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းမှာ ဒေသန္တရအသင်းတော်များ၌ ထင်ရှားခြင်းရှိလာရန် အရေးတကြီး လိုအပ်နေသည်။ ကိုယ်ခန္ဓာတော်စစ်မှန်ခြင်း၏ အနှစ်သာရဆိုင်ရာထင်ရှားခြင်းမရှိပါက၊ သခင်ယေရှုသည် ပြန်ကြွလာနိုင်မည်မဟုတ်ပါ - ဧ၊၁း၂၂-၂၃။ ၄း၁၆။ ၅း၂၇။ ဗျာ၊၁၉း၇။

## IV. ဘုရားသခင့်စီမံကိန်းရှိ အမြင့်ဆုံးအထွတ်အထိပ်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၄း၁၆။

A. ကျွန်ုပ်တို့၏ ပေါင်းစည်းခြင်း ပုံဆောင်ချက်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည် - ၁ကော၊၁၂း၂၄။

1. ဤစစ်မှန်ခြင်းသည် ဘုရား၏ရွေးနုတ်ခံလူတစ်စုဖြစ်ပြီး၊ သူတို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်စေခံရသူများ ဖြစ်သည် - ယော၊၁း၁၂-၁၃။ ရော၊၈း၁၆။ ၂ပေ၊၁း၄။
2. သူတို့သည် အသက်ကို မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်ဘဲ၊ အခြားသောအသက် - အဆင့်ဆင့်ဖြတ်ကျော်ကာပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားအဖြစ် သူတို့အထဲသို့ ဝင်ရောက်၍ သူတို့ကို ကိုယ်တော်၏ကိန်းဝပ်ရာ၊ နေထိုင်ရာနေရာအဖြစ် ယူဆောင်သောအရှင်၏ အသက်အားဖြင့် အသက်ရှင်ကြသည် - ၂ကော၊၁၃း၁၄။ ယော၊၁၄း၂၃။ ဧ၊၂း၂၁-၂၂။

B. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စုံလင်ခံရသော ဘုရား-လူများအားဖြင့် စုပေါင်းအသက်ရှင်ခြင်းဖြစ်ကာ၊ သူတို့သည် စစ်မှန်သောလူများဖြစ်သော်လည်း၊ မိမိတို့အသက်အားဖြင့် အသက်မရှင်ဘဲ၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ အသက်အားဖြင့် အသက်ရှင်ကာ၊ ကိုယ်တော်၏ ဂုဏ်အင်္ဂါတော်များသည် သူတို့၏ကောင်းမြတ်ခြင်းမှတစ်ဆင့် ထင်ရှားစေသူများ ဖြစ်ကြသည် - ၂ကော၊၁၃း၉၊ ၁၁။ ဧ၄း၁၃။ ၁ပေ၊၅း၁၀။ ၁ယော၊၄း၁၂၊ ၁၇-၁၈။

1. ဘုရားသခင်၏အသက်နှင့်အတူ ၎င်း၏ဂုဏ်အင်္ဂါတော်များအားလုံးသည် ဘုရား-လူယေရှုအတွင်း၌ အသက်ရှင်ကာ ဤဘုရား-လူ၏ ကောင်းမြတ်ခြင်းများအဖြစ် ထင်ရှားခဲ့သည် - ဧ၄း၂၀-၂၁။
2. မူလအစ၌ ဤအသက်သည် ယေရှု၌သာ ရှိခဲ့သည်။ ယခု ဤအသက်သည် ရွေးနုတ်ခြင်းနှင့် အသစ်မွေးဖွားခြင်း ခံပြီး ဘုရားဆိုင်ရာအသက်ကို အတွင်း၌ ပိုင်ဆိုင်သော ယုံကြည်သူများ၌ ပုံတူပွားလျက် ရှိနေသည် - ၁း၇။ ယော၊၃း၆။ ကော၊၃း၄။
3. စုံလင်ခံသော ဘုရား-လူများသည် အတ္တကိုငြင်းပယ်ရန်နှင့် အခြားသောအသက် - ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်အားဖြင့် အသက်ရှင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ခြင်းအားဖြင့် ရင့်ကျက်ခြင်းရှိလာကြသည့်သူများဖြစ်သည် - ယော၊၁၁း၂၅။

C. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် အသစ်မွေးဖွားခံရသော၊ ပုံသဏ္ဌာန်ပြောင်းလဲသော၊ သဏ္ဌာန်တူညီလာသော၊ ဘုန်းထင်ရှားသော သုံးပိုင်းရှိသည့် ဘုရား-လူများနှင့် သုံးပါးတစ်ပါးဘုရားဖြင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ထာဝရ ပေါင်းစည်းခြင်း၌ ရောနှောပေါင်းစည်းသည့် အသက်ရှင်ခြင်းဖြစ်သည် - ညွှန်း၊ သူကြီး၊၉း၉။ ဆာ၊၈၂း၁၀။

1. ဤရောနှောပေါင်းစည်းခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်၌ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူညီခြင်း၏ စုပေါင်းအသက်ရှင်ခြင်းဖြစ်သည် - ဖိ၊၃း၁၀။
2. ထိုသို့သော ရောနှောပေါင်းစည်းသည့် အသက်ရှင်ခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ဖြစ်ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် ဝိညာဉ်တော်ဖြစ်သည်။ ဤရှင်ပြန်ထမြောက်ခြင်းသည် ယုံကြည်သူများအထဲသို့ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားကို ဖြန့်ဖြူးကာ၊ သေခြင်းကို အောင်မြင်သောအသက်ကို လွတ်မြောက်စေသည် - ယော၊၁၁း၂၅။
3. စုံလင်ခံရသော ဘုရား-လူများအားဖြင့် ဤစုပေါင်းသော၊ ရောနှောပေါင်းစည်းသော အသက်ရှင်ခြင်းသည် ထာဝရကာလပတ်လုံး ဘုရားသခင်၏တိုးပွားခြင်းနှင့် ထင်ရှားခြင်းအဖြစ် ကောင်းကင်သစ်နှင့် မြေကြီးသစ်ရှိ ယေရုရှလင်မြို့သစ်၌ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းရှိသည် - ဗျာ၊၂၁း၁-၂၊ ၉-၁၁။
4. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် စုံလင်ခံရသော ဘုရား-လူများ၏ စုပေါင်းအသက်ရှင်ခြင်းသည် ဤခေတ်၊ အသင်းတော်ခေတ်ကို အဆုံးသတ်၍၊ နိုင်ငံတော်ခေတ်၌ ဤဘုရား-လူများနှင့်အတူ မြေကြီးကို သိမ်းပိုက်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် အုပ်စိုးခြင်းရှိရန် ခရစ်တော်အား ပြန်ကြွလာစေမည်ဖြစ်သည် - ဆာ၊၂၄း၁-၂၊ ၇-၁၀။ ၇၂း၁-၈၊ ၁၁။ ဗျာ၊၁း၇။ ၁၄း၁၄။ ၂၀း၄။

© 2023 Living Stream Ministry